သမားအဖွဲ့အစည်း အလုပ်အမှုဆောင်များက အလုပ်သမားများ ကိုယ်စားအလုပ်သမားအခွင့်အရေးတောင်းဆိုပေးမှုအပေါ် ကြိုက် နှစ်သက်ခြင်းမရှိဟု ကျွန်ုပ်တို့ ခုံအဖွဲ့က သုံးသပ်သည်။

(ဓ) အထက်တွင်ဖော်ပြခဲ့သောသုံးသပ်ချက်အပိုဒ်(ဍ)နှင့် (ဎ)အရ အလုပ်ထုတ်ခံရသော ဦးသိန်းရွှေ ဟိုတယ်ချစ်သူ မြို့နယ် အလုပ် သမား အဖွဲ့အစည်းဥက္ကဋ္ဌ၊ ပုဂံဟိုတယ် အခြေခံအလုပ်သမား အဖွဲ့အစည်း ဥက္ကဋ္ဌနှင့် အမှုဆောင် (၄) ဦးတို့သည် အလုပ်ရှင်မှ စွပ်စွဲထားသည့်အတိုင်း အလုပ်မှချက်ချင်းထုတ်ပယ်နိုင်သည့် ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရသည့်အပြင် ၎င်းတို့ သည်အခြေခံအလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင် များဖြစ်နေခြင်းကြောင့် အလုပ်သမား အဖွဲ့အစည်းဥပဒေ အခန်း (၁၂)၊ တားမြစ်ချက်များ ၊ ပုဒ်မ - ၄၄(ဃ) တွင်ဖော်ပြထားချက်အရ "ဤဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းတစ်ရပ်၏ လှုပ်ရှား မှုများကို ဆောင်ရွက်ရန် အလုပ်သမား အဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း သို့မဟုတ် သဝိတ်မှောက်ရာတွင်ပါဝင် ဆောင်ရွက်ခြင်းကြောင့် အလုပ်သမားတစ်ဦးအား အလုပ်မှထုတ် ပြစ်ခြင်းမပြုရ" ဟုပြဋ္ဌာန်းတားမြစ်ထားသဖြင့် အခြေခံအလုပ် သမားအဖွဲ့အစည်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အမှုဆောင်(၂)ဦးတို့သည် အလုပ်သမားအဖွဲ့အစည်း ဥပဒေ(၂၀၁၁ ခုနှစ်)၏ အကာအကွယ်ကို ရထိုက်သူများဖြစ်သည်ဟု သုံးသပ် သည်။

(န) ကျွန်ုပ်တို့ခုံအဖွဲ့သည် အလုပ်သမားများမှတင်ပြသော ပုဂံ ဟိုတယ်ဝန်ထမ်းများအတွက် မျှတမှုရှိသော ဝန်ဆောင်ခငွေများ ပေးစေရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပေးရန်တင်ပြချက်နှင့်ပတ် သက်၍ ဟိုတယ်လုပ်ငန်းများ၏ ဝန်ဆောင်ခငွေသတ်မှတ်ခြင်း၊ ခွဲဝေခြင်းသည် တည်ဆဲအလုပ်သမားဥပဒေများတွင် ပြဋ္ဌာန်းချက် မရှိခြင်း၊ ဟိုတယ်တစ်ခုနှင့်တစ်ခု ဝင်ငွေ၊ အခန်းခများ တူညီနိုင် မှုမရှိခြင်း၊ ဝန်ဆောင်ခငွေရရှိခြင်း၊ ခွဲဝေသတ်မှတ်ခြင်း ကိစ္စအဝဝ တို့မှာ ဟိုတယ်အုပ်ချုပ်သူများ၏ စီမံခန့်ခွဲပိုင်ခွင့်များဖြစ်၍ ကျွန်ုပ် တို့ခုံအဖွဲ့မှ ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာပေးအပ်ထားခြင်း

၆၊၉၊၂၀၁၅ ၆/၉/၁၅

မရှိ၍ ဝင်ရောက်စွက်ဖက်ရန်မသင့်ကြောင်း သုံးသပ်သည်။ ဝန်ဆောင်ခနည်းပါးခြင်းကိစ္စသည် ဟိုတယ်၏ ဝင်ငွေပေါ်မူတည်၍ ပိုင်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းတို့အကြား ချုပ်ဆိုထားသည့် စာချုပ်အရသာ ဆောင်ရွက်သင့်ကြောင်းသုံးသပ်သည်။

(ပ) ထို့ကြောင့် ကျွန်ုပ်တို့ခုံအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၃-၄-၂၀၁၅ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ် (၁/၂၀၁၅)ပါဆုံးဖြတ်ချက် အမှတ်(၁) ကို ပြင်ဆင်၍ အောက်ပါအတိုင်းဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ (က) ပုဂံဟိုတယ် အခြေခံအလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးသိန်းရွှေ၊ အတွင်းရေးမှူး ဦးမြင့်ဦး၊ ဘဏ္ဍာရေးမှူး ဦးနိုင်လင်းအောင်၊ အမှုဆောင် ဦးချစ်လှိုင်၊ အမှုဆောင် ဦးအောင်သူမင်းတို့သည် အလုပ်ရှင်မှစွပ်စွဲထားသည့်အတိုင်း အလုပ်မှချက်ချင်းထုတ်ပယ်နိုင်သည့် ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိဘဲ အလုပ်မှထုတ်ပယ်ခြင်းခံရသည့်အတွက် ၎င်းတို့အားမူလရာထူး၊ မူလလစာဖြင့် အလုပ်ပြန်လည်ခန့်အပ်ရန်ဆုံးဖြတ်သည်။

(ခ) ၎င်းတို့(၅)ဦးအား အလုပ်မှထုတ်ပယ်ခံရသည့် ၈-၃-၂၀၁၅ ရက်နေ့မှစ၍ အမှုရင်ဆိုင်ဖြေရှင်းနေရသည့် အလုပ်လက်မဲ့ဖြစ်ရသောအချိန်ကာလ (အလုပ်ပြန်လည်ခန့်အပ်ခြင်းခံရသည့်နေ့အထိ) ကိုကြားကာလနစ်နာကြေးအဖြစ် သတ်မှတ်၍ ၎င်းတို့နောက်ဆုံးထုတ်ယူခဲ့သည့် နောက်ဆုံးထုတ်လစာငွေအတိုင်း အပြည့်အဝပေးလျော်စေရမည်။

ဆုံးဖြတ်ချက်အမှတ်(၂)။ အထက်တွင်ဖော်ပြခဲ့သော သုံးသပ်ချက်အပိုဒ်(တ)အရ ပုဂံဟိုတယ်လုပ်ငန်းပိုင်ရှင်သည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂ ခုနှစ်)၊ ပုဒ်မ - ၅၁ "အလုပ်ရှင်သည် အငြင်းပွားမှုကိုဖြေရှင်းနေစဉ်အတွင်း လုံလောက်သောအကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှုကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့်လျော့နည်းစေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က သတ်မှတ်သည့်လျော်ကြေးငွေကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။" ဟူသောပြဋ္ဌာန်းချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့က ပုဂံဟိုတယ်လုပ်ငန်းပိုင်ရှင်အား အလုပ်သမားများသို့ လျော်ကြေး

ငွေစုစုပေါင်း ၃,၀၆၅,၀၀၀ိ/- (ကျပ်သုံးဆယ့်သိန်း ခြောက်သောင်း ငါးထောင်တိတိ)ပေးလျော်စေရန်ဆုံးဖြတ်သည်။

၃။ အလုပ်ထုတ်ခံရသူများအားပေးရန် ဆုံးဖြတ်လိုက်သောငွေကို ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။ ပေးသွင်းရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမား ရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ အပိုဒ် (၂၉) အရ မြေခွန်မပြေကျန်ငွေ ကဲ့သို့အရကောက်ခံရမည်။

၄။ အလုပ်ထုတ်ခံရသည့်အလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးသိန်းရွှေ၊ အတွင်းရေးမှူး ဦးမြင့်ဦး၊ ဘဏ္ဍာရေးမှူး ဦးနိုင်လင်းအောင်၊ အမှုဆောင် ဦးချစ်လှိုင်၊ အမှုဆောင် ဦးအောင်သူမင်းတို့အား ဤဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ၎င်းတို့၏ မူလ ရာထူး အသီးသီးသို့ မူလလစာဖြင့် ပြန်လည်ခန့်အပ်ရမည်။ ခန့်အပ်ရန်ပျက်ကွက်ပါက အလုပ်သမားအဖွဲ့အစည်းဥပဒေ ပုဒ်မ ၅၁ အရ အရေးယူဆောင်ရွက်ရမည်။

၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများ၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀(က) တို့အရ ဆုံးဖြတ်ချက်အမှတ်(၂)အရ ကောက်ခံရရှိသော လျော်ကြေးငွေအားလုံးကိုအဆိုပါနည်းဥပဒေအပိုဒ်၃၀(ခ)အရ "နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသောငွေကြေးအားလုံးကို သက်ဆိုင်ရာအလုပ်သမားကခံစားခွင့်ရှိရမည်။" ဟူသောပြဋ္ဌာန်းချက်နှင့်အညီ လျော်ကြေးရရှိငွေကိုသက်ဆိုင်ရာအလုပ်သမားများသို့ အောက်ပါဇယားအတိုင်း စနစ်တကျခွဲဝေပေးရမည်-

| စဉ် | အမည် | လုပ်သက် | နောက်ဆုံးထုတ်လစာ | လျော်ကြေးငွေ |
|---|---|---|---|---|
| ၁။ | ဦးသိန်းရွှေ | ၁၅ နှစ် | ၁၁၀၀၀၀ိ/- | ၆၆၀၀၀၀ိ/- |
| ၂။ | ဦးမြင့်ဦး | ၁၉ နှစ် | ၁၇၅၀၀၀ိ/- | ၁၀၅၀၀၀၀ိ/- |
| ၃။ | ဦးနိုင်လင်းအောင် | ၁၅ နှစ် | ၈၅၀၀၀ိ/- | ၅၁၀၀၀၀ိ/- |
| ၄။ | ဦးချစ်လှိုင် | ၁၆ နှစ် | ၈၅၀၀၀ိ/- | ၅၁၀၀၀၀ိ/- |
| ၅။ | ဦးအောင်သူမင်း | ၃ နှစ် | ၆၇၀၀၀ိ/- | ၃၃၅၀၀၀ိ/- |
| | | | စုစုပေါင်း | ၃,၀၆၅,၀၀၀ိ/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

ဦးထွန်းအေး
အဖွဲ့ဝင်

ဦးခင်မောင်ရီ
ဥက္ကဋ္ဌ

ဦးဌေး
အဖွဲ့ဝင်

မရှိ၍ ဝင်ရောက်စွက်ဖက်ရန်မသင့်ကြောင်း သုံးသပ်သည်။ ဝန်ဆောင်ခနည်းပါးခြင်းကိစ္စသည် ဟိုတယ်၏ ဝင်ငွေပေါ်မူတည်၍ ပိုင်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းတို့အကြား ချုပ်ဆိုထားသည့် စာချုပ်အရသာ ဆောင်ရွက်သင့်ကြောင်းသုံးသပ်သည်။

(ပ) ထို့ကြောင့် ကျွန်ုပ်တို့ခုံအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၃-၄-၂၀၁၅ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ် (၁/၂၀၁၅)ပါဆုံးဖြတ်ချက် အမှတ်(၁) ကို ပြင်ဆင်၍ အောက်ပါအတိုင်းဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ (က) ပုဂံဟိုတယ် အခြေခံအလုပ်သမားအဖွဲ့အစည်း ဥက္ကဋ္ဌ ဦးသိန်းရွှေ၊ အတွင်းရေးမှူး ဦးမြင့်ဦး၊ ဘဏ္ဍာရေးမှူး ဦးနိုင်လင်းအောင်၊ အမှုဆောင် ဦးချစ်လှိုင်၊ အမှုဆောင် ဦးအောင်သူမင်းတို့သည် အလုပ်ရှင်မှစွပ်စွဲထားသည့်အတိုင်း အလုပ်မှချက်ချင်းထုတ်ပယ်နိုင်သည့် ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိဘဲ အလုပ်မှထုတ်ပယ်ခြင်းခံရသည့်အတွက် ၎င်းတို့အားမူလရာထူး၊ မူလလစာဖြင့် အလုပ်ပြန်လည်ခန့်အပ်ရန်ဆုံးဖြတ်သည်။

(ခ) ၎င်းတို့(၅)ဦးအား အလုပ်မှထုတ်ပယ်ခံရသည့် ၈-၃-၂၀၁၅ ရက်နေ့မှစ၍ အမှုရင်ဆိုင်ဖြေရှင်းနေရသည့် အလုပ်လက်မဲ့ဖြစ်ရသောအချိန်ကာလ (အလုပ်ပြန်လည်ခန့်အပ်ခြင်းခံရသည့်နေ့အထိ) ကိုကြားကာလနစ်နာကြေးအဖြစ် သတ်မှတ်၍ ၎င်းတို့နောက်ဆုံးထုတ်ယူခဲ့သည့် နောက်ဆုံးထုတ်လစာငွေအတိုင်း အပြည့်အဝပေးလျော်စေရမည်။

ဆုံးဖြတ်ချက်အမှတ်(၂)။ အထက်တွင်ဖော်ပြခဲ့သော သုံးသပ်ချက်အပိုဒ်(တ)အရ ပုဂံဟိုတယ်လုပ်ငန်းပိုင်ရှင်သည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂ ခုနှစ်)၊ ပုဒ်မ - ၅၁ "အလုပ်ရှင်သည် အငြင်းပွားမှုကိုဖြေရှင်းနေစဉ်အတွင်း လုံလောက်သောအကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှုကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့်လျော့နည်းစေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က သတ်မှတ်သည့်လျော်ကြေးငွေကို အပြည့်အဝပေးဆောင်ရမည်။ ယင်းငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။" ဟူသောပြဋ္ဌာန်းချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့က ပုဂံဟိုတယ်လုပ်ငန်းပိုင်ရှင်အား အလုပ်သမားများသို့ လျော်ကြေး